## ၆။ ပင်ဖြတ်ပိုး

**Black cutworm: *Agrotis ipsilon* (Hufnagel, 1766)**

**Lepidoptera: Noctuidae**

### ဖျက်ကောင်ပုံသဏ္ဌာန်များ





လောက်ကောင်များသည် ညအခါ၌ စားသောက်ဖျက်ဆီး၍ နေ့ဖက်တွင် အပင်၏အောက်ခြေတွင် ဖုံးအုပ်နေပြီး မြေကြီး၏အပေါ်ပိုင်းတွင် ပုံးအောင်းနေတတ်သည်။ နှောင့်ယှက်ခြင်းခံရပါက အင်္ဂလိပ်အက္ခရာ (C) ပုံသဏ္ဌာန်ဖြစ်သွားသည်။ အသက်ပိုကြီးသော လောက်ကောင်များကို ပိုမိုနက်ရှိုင်းသည့် မြေကြီးထဲတွင်တွေ့ရတတ်သည်။

### ဖျက်ဆီးပုံလက္ခဏာများ



လောက်ကောင်များသည် အရွက်များပေါ်တွင် စားသောက်ဖျက်ဆီးပြီး အကောင်ကြီး များ သည် အပင်အရင်းမှ ကိုက်ဖြတ်ချသည်။ ပျိုးပင်ပေါက်များတွင် အပင်ခြေရင်း မြေကြီးရင်းမှ ကိုက်ဖြတ်ချသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | - ( ၂-၅ ) ရက် |
| လောက်ကောင် အဆင့် | - (၁၆-၂၂) ရက် |
| ရုပ်ဖုံး အဆင့် | - ( ၇-၁၀ ) ရက် |
| အကောင်ကြီး အဆင့် | - ( ၃-၇ ) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပေါင်းမြက်များကို ရှင်းလင်းပါ။

(၂) မိမိစိုက်ခင်းအား အမြဲကင်းထောက်စစ်ဆေးပါ။

(၃)စိုက်ခင်းအားထွန်/ထယ်နက်နက်ထွန်ပါ။

(၄)ပိုးကျရောက်ဖျက်ဆီးခံထားရသောစိုက်ခင်းအားရေလွှမ်းထားပါ။

(၅)လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။ (နံနက်စောစောနှင့်ညနေခင်းများတွင်မြေအက် ကွဲ ကြောင်းများအတွင်းတွင်ရှာဖွေပါ)

(၆)အလင်းရောင်ထောင်ချောက်များအသုံးပြု၍အကောင်ကြီးများအားဖမ်းဆီးပါ။

(၇) တမာပိုး သတ်ဆေးကို ရေ(၂၀)လီတာတွင် (၃၀၀) စီစီနှုန်း ဖျော်၍ မှန်မှန်ဖျန်းပေးပါ။

(၈)မြေပြင်ချိန်တွင်မြေကြီးထဲသို့ ဖစ်ပရိုနေး၃ဂျီအာ(Fipronil 3GR )(သို့) ကာဘိုဆာလဖန် ၅ ဂျီ (Carbosulfan 5G) ထည့်၍ စိုက်ပျိုးပါ။

(၉)လောက်ကောင်ငယ်များတွေ့ပါက ထိသေ၊ စားသေ(သို့)ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေး တစ်မျိုးမျိုး ကိုဆေး အညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းတွင် ဖော်ပြထား သည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Preharvest Interval (PHI) ကို လိုက်နာ၍ စနစ်တကျ ခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda-cyhalothrin)

- အဆီဖိတ်(Acephate)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)